Department of
**Education**

GOVERNMENT OF
WESTERN AUSTRALIA

# တမူထူးခြားသော ကျောင်းသားစိစစ်ရေးနံပါတ်

## မိဘများနှင့် ပြုစုစောင့်ရှောက်သူများအတွက် အချက်အလက်

သြစတြေးလျအစိုးရသည် နိုင်ငံအလိုက် အသိအမှတ်ပြုထားသော လေ့ကျင့်ရေး အရည်အချင်းများကို လုပ်ဆောင်နေသူတိုင်း Unique Student Identifier(USI)- (ကျောင်းသားများအတွက် သီးသန့်ခွဲခြားရွေးထုတ်ရန် အမှတ်အသား) ရရှိရန် လိုအပ်ပါသည်။

၎င်းတို့တွင် ၎င်းတို့ကျောင်းအစီအစဉ်၏တစ်စိတ်တစ်ပိုင်းအဖြစ် အသက်မွေးဝမ်းကျောင်းပညာနှင့် လေ့ကျင့်ရေး (VET) အရည်အချင်းစစ်တွင် စာရင်းသွင်းထားသည့် ကျောင်းသူကျောင်းသားများ ပါဝင်သည်။

### USI ဆိုသည်မှာ အဘယ်နည်း၊

USI သည် လူတစ်ဦးချင်းစီတွင် တစ်သက်တာလုံးရှိနေသော တစ်ဦးချင်းပညာရေးနံပါတ်တစ်ခု ဖြစ်သည်။ USI သည် လူတစ်ဦး၏ လေ့ကျင့်ရေးမှတ်တမ်းများနှင့် ရလဒ်များ ၎င်းတို့ထိန်းချုပ်ထားသော အွန်လိုင်းစာရင်းတစ်ခုတွင် ဝင်ရောက်ကြည့်ရှုနိုင်စေပါသည်။ မည်သည့်သင်တန်းအဖွဲ့အစည်းနှင့်မဆို ဆက်လက်လေ့လာရန် စာရင်းသွင်းသည့်အခါ လိုအပ်ပါသည်။

USI ရယူရန်မှာ အခမဲ့ဖြစ်ပြီး ၅ မိနစ်ခန့် ကြာမည်ဖြစ်သည်။ အွန်လိုင်း USI စာရင်းကို အချိန်မရွေး အွန်လိုင်းတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

### ကျောင်းသားများသည် USI ကို မည်သို့ဖန်တီးနိုင်မည်နည်း။

1. စတင်မလျှောက်ထားမီ ကျောင်းသားများသည် အောက်ပါသက်သေခံပုံစံများအနက်မှ နှစ်မျိုးကို လိုအပ်သည်-
   - ယာဉ်မောင်းလိုင်စင်
   - Medicare ကတ်
   - သြစတြေးလျနိုင်ငံကူးလက်မှတ်
   - နိုင်ငံတကာ ကျောင်းသားများအတွက် ဗီဇာ (သြစတေးလျမဟုတ်သော နိုင်ငံကူးလက်မှတ်)
   - သြစတြေးလျ မွေးစာရင်း၊ မွေးစာရင်းမိတ္တူသည် မလုံလောက်ကြောင်း သတိပြုပါ။
   - မျိုးရိုးအလိုက် မှတ်ပုံတင်လက်မှတ်
   - နိုင်ငံသားလက်မှတ်

D22/0034635
9/02/2022

CC BY
Exclusions may apply

- ImmiCard ( လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်တွင်းဝန်ကြီးမှထုတ်ပေးသည့်ကတ်တစ်ခု)

သက်သေခံ ဖောင်ပုံစံများဆိုင်ရာ နောက်ထပ်အချက်အလက်များအတွက် http://www.usi.gov.au/help-centre/proof-of-ID/Pages/proof-of-ID.aspx သို့ သွားရောက်ပါ ထည့်သွင်းထားသော အသေးစိတ်အချက်အလက်များသည် အသုံးပြုထားသော ID အိုင်ဒီ ပုံစံတွင် ပြသထားသည့် အသေးစိတ်အချက်အလက်များနှင့် ကိုက်ညီရပါမည်။ USI ကို ဖန်တီးသောအခါ အထက်တွင်ဖော်ပြထားသော ID ပုံစံကို အသုံးပြုခြင်းဖြင့်၊ အစိုးရအား လူတစ်ဦးကို ခွဲခြားသတ်မှတ်နိုင်စေသောကြောင့် USI သည် ထိုလူအတွက် အမှန်တကယ် တစ်မူထူးခြားကြောင်း သေချာစေပါသည်။

2. အီးမေးလ်လိပ်စာကဲ့သို့သော ကျောင်းသား၏ ကိုယ်ရေးကိုယ်တာ အဆက်အသွယ် အသေးစိတ်အချက်အလက်များ အဆင်သင့်ဖြစ်ပါစေ။
3. USI ဝဘ်ဆိုဒ် https://www.usi.gov.au/students/get-a-usi သို့ သွားရောက်ပါ။
4. 'သင်၏ USI ကို ရယူရန် ဤနေရာကိုနှိပ်ပါ' ခလုတ်ကိုနှိပ်ပြီး အဆင့်များကို လိုက်နာပါ။
5. အကယ်၍ ကျောင်းသားသည် VET အရည်အချင်းပြည့်မီပါက USI ကို ကျောင်းသား၏ကျောင်းသို့ ပေးအပ်ရမည်ဖြစ်သည်။

*USI* နှင့်ပတ်သက်သော အချက်အလက်များကို https://www.usi.gov.au/languages ၌ အခြားဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။


D22/0034635
9/02/2022
Exclusions may apply